Prevent Child Abuse Indiana

A Division of The Villages

A Chartered State Chapter of Prevent Child Abuse America

INDIANA Kids First CARE PREVENTING CHILD ABUSE



# အိမ်တွင် တစ်ဦးတည်းနေခြင်း

## ကိုယ်တိုင် သင်ယူလေ့လာပါ

**သင့်ကလေးသည် အိမ်တွင် တစ်ယောက်တည်းနေရန် မည်သည့်အချိန်တွင် အဆင်ပြေမည်နည်း။ သင့်လျော်သော အချိန်ဖြစ်ကြောင်း သင် မည်သို့ သိမည်နည်း။ သင့်ကလေးကို တစ်ယောက်တည်း မထားခဲ့မီ ဤမေးခွန်းများကို ကလေးနှင့်အတူ ပြန်လည်သုံးသပ်ကြည့်ပါ။**

## မေးမြန်းသင့်သော မေးခွန်းများ

1. သင့်ကလေးသည် အိမ်တွင် တစ်ယောက်တည်းနေရန် အတန်အသင့် ရင့်ကျက်နေပြီလား။ တာဝန်ရှိသော လူကြီးတစ်ဦး ရှိပါသလား။ အသက်အရွယ်နှင့် ရင့်ကျက်မှုသည် မတူညီသောအရာများဖြစ်သည်။ တံခါးလာခေါက်ခြင်းကို မည်သို့တုံ့ပြန်ရမှန်း မသိသည့် သို့မဟုတ် တံခါးသော့ခတ်ရန် မေ့လျော့တတ်သည့် ကလေးငယ်ကို တစ်ယောက်တည်း ထားရန် အဆင်သင့်မဖြစ်သေးပါ။

2. သင့်ကလေးသည် ကြောက်ရွံ့မှု၊ အထီးကျန်မှုနှင့် ပျင်းရိငြီးငွေ့မှုတို့ကို မိမိဘာသာ ကိုင်တွယ်ဖြေရှင်းနိုင်ပါသလား။

3. သင့်ကလေးသည် အရေးပေါ် လုပ်ထုံးလုပ်နည်းများဖြစ်သည့် မီးလောင်ခြင်း၊ အသက်ရှူလမ်းကြောင်းပိတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ချိန် ဘေးကင်းရေး လေ့ကျင့်မှုတို့ကို သိပါသလား။ သင့်ကလေးသည် သရေစာပြင်ဆင်ခြင်း၊ ဖုန်းအသုံးပြုခြင်းနှင့် မက်ဆေ့ချ်ရေးခြင်းကဲ့သို့သော နေ့စဉ်အလုပ်များကို လုပ်ဆောင်ပါသလား။ ဤအရာများသည် လိုအပ်သော အရည်အချင်းများဖြစ်သည်။

4. သင့်ကလေးသည် အသေးအဖွဲ့ပြဿနာများကို အကူအညီမလိုဘဲ ပုံမှန်အားဖြင့် ဖြေရှင်းနိုင်ပြီး အကူအညီတောင်းရန် အဆင်ပြေကြောင်းကို သိရှိထားပါသလား။ သင့်ကလေးသည် အိမ်သို့ပြန်ရောက်သည့်အခါ အိမ်ရှေ့တံခါးပွင့်နေခြင်း သို့မဟုတ် ပြတင်းပေါက်မှန်ကွဲနေခြင်းကို တွေ့ရလျှင် မည်သို့သောရလဒ် ဖြစ်လာမည်နည်း။

5. အိမ်တွင်အတူနေမည့် ညီအစ်ကိုမောင်နှမများ ရှိပါသလား။ သင့်ကလေးသည် လူကြီး၏အကူအညီမပါဘဲ ညီအစ်ကိုမောင်နှမများနှင့်/၎င်းတို့အကြား ဖြစ်ပွားသော ပဋိပက္ခများကို စီမံဖြေရှင်းနိုင်ပါသလား။ ဤမေးခွန်းကို ဖြေရန် အကောင်းဆုံးနည်းလမ်းမှာ သင့်ကလေးကို ညီအစ်ကိုမောင်နှမများနှင့်အတူ လေ့လာကြည့်ရှုရန် ဖြစ်သည်။ သင် အိမ်တွင်ရှိနေချိန်တွင် သင့်ကလေးသည် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိလျှင် သင် အဝေးရောက်နေချိန်တွင်လည်း အခြေအနေသည် အဆင်ပြေလာမည်မဟုတ်ပါ။

6. သင့်ကလေးသည် အိမ်တွင်တစ်ယောက်တည်းနေရမည့် စိတ်ကူးအပေါ် အဆင်ပြေပါသလား။ မေးမြန်းပါ။ အဆင်မပြေပါဟု ဖြေလျှင် သို့မဟုတ် အဖြေပေးရန် ချီတုံချတုံဖြစ်နေလျှင် ၎င်းသည် သေချာပေါက် သင့်တော်မှန်ကန်သော စိတ်ကူးမဟုတ်ပါ။ သင်အဝေးရောက်နေချိန်တွင် ကလေးသည် ၎င်းတစ်ယောက်တည်း ကိုယ့်အားကိုယ်ကိုး၍ နေထိုင်ရန်အတွက် မိမိကိုယ်ကို ယုံကြည်မှုရှိနေရမည်။

7. ရှေးဦးသူနာပြု ကိရိယာအစုံကို ရရှိနိုင်ပါသလား။

## သင့်လျော်သော အချိန်

သင်နှင့် သင့်ကလေးအနေဖြင့် သင့်လျော်သောအချိန်ဖြစ်ကြောင်း ယုံကြည်လျှင် ရလဒ်များကို စမ်းသပ်ရန် သင့်ကလေးကို ခေတ္တမျှ တစ်ယောက်တည်း ထားကြည့်ပါ။ ပထမဦးစွာ ဤအဓိကအချက်များ ရှိနေကြောင်း သေချာပါစေ။

### အဓိကအချက်များ -

- သင်အဝေးရောက်နေချိန်တွင် လုပ်စေလိုသည့်အရာများနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပါ။
- မီးဖိုချောင်သုံး ပစ္စည်းများ (အထူးသဖြင့် မီးဖိုသုံးဓာတ်ငွေ့)၊ အရက်နှင့် ဆေးဝါးများ၊ သေနတ်များနှင့် ရေတွင်းရေကန်များကို သုံးစွဲရာတွင် ဘေးအန္တရာယ်များမရှိစေရန် သင့်အိမ်အနှံ့ သေချာစေစပ်စွာ စစ်ဆေးပါ။ အန္တရာယ်ရှိသည်များကို ဖယ်ရှားပါ။
- သော့များ ပျောက်သွားလျှင် လုပ်ဆောင်ရမည့် အစီအစဉ်နှင့် အိမ်ထဲသို့ဝင်ရန် သင့်ကလေးတွင် လိုအပ်သော သော့အားလုံးရှိကြောင်း သေချာပါစေ။
- သင့်အိမ်လိပ်စာ၊ အရေးပေါ်နံပါတ်များ၊ သင့်ထံ ဆက်သွယ်ရန် အချက်အလက်၊ အိမ်နီးချင်း သို့မဟုတ် ဆွေမျိုးများ၏ ဖုန်းနံပါတ်များကဲ့သို့ လိုအပ်သော အချက်အလက်အားလုံးကို အနီးအနားတွင် သိမ်းဆည်းထားသင့်သည်။

### စမ်းသပ်ပြီးသည့်နောက်ပိုင်း -

ယင်းနောက်တွင် သင်စမ်းသပ်တွေ့ရှိသည့်အရာအကြောင်း ဆွေးနွေးပါ - သင့်အတွက်ရော၊ ကလေးအတွက်ပါ အဆင်ပြေသည်ဟု ခံစားရပါသလား။ သင့်တွင် စိုးရိမ်မှုများ ရှိနေသေးလျှင် သင့်စိုးရိမ်မှုများကို ဖြေရှင်းနိုင်ရန် ယုံကြည်စိတ်ချရသော ကျွမ်းကျင်ပညာရှင်ထံ ဆက်သွယ်ပါ။ အားလုံး ပိုမို အဆင်ပြေသည်ဟု ခံစားရပြီး ယုံကြည်မှုပိုရှိလာသောအခါ ထပ်စမ်းကြည့်ပါ။ အသက် 18 နှစ်အောက် ကလေးများကို တစ်ညလုံး တစ်ယောက်တည်း ထားရှိရန် အကြံမပြုပါ။

# အိမ်တွင်ရှိနေစဉ် ကြုံတွေ့ရမည့် အခြေအနေများ

**သင့်ကလေးကို တစ်ယောက်တည်းထားခဲ့ရန် ဆုံးဖြတ်ချက်မချမီ ဤအခြေအနေများကို အတူတကွ ဆွေးနွေးပါ။ ပါဝင်ပတ်သက်သူတိုင်းအနေဖြင့် သက်သောင့်သက်သာရှိပြီး ဤအခြေအနေအားလုံးကို အောင်မြင်စွာ ရင်ဆိုင်နိုင်မည်ဟု စိတ်ချယုံကြည်မှုရှိပါစေ။**

1. သင်သည် အိမ်တွင် တစ်ယောက်တည်း ရှိနေပြီး သူစိမ်းတစ်ယောက်က အမေ သို့မဟုတ် အဖေနှင့် စကားပြောရန် ဖုန်းခေါ်သည်။ သင် ဘယ်လိုပြောရမလဲ။ "အမေနဲ့အဖေက အရမ်းအလုပ်ရှုပ်နေတယ်။ သူတို့အားတဲ့အခါ ပြန်ခေါ်နိုင်ဖို့ ဖုန်းနံပါတ် သိပါရစေ။" အိမ်တွင် သင်တစ်ယောက်တည်းရှိနေကြောင်းကို ဘယ်တော့မှ မပြောပါနှင့်။

2. သူငယ်ချင်းတစ်ယောက်က သူ့မိဘများလည်း အိမ်တွင်မရှိသည့်အတွက် သူမ၏အိမ်သို့လာရန် ဖုန်းခေါ်သည်။ သင် ဘာလုပ်သင့်သလဲ။ "အမေက သူ့ခွင့်ပြုချက်မရှိဘဲ ဘယ်ကိုမှ မသွားရဘူးလို့ စည်းကမ်းထုတ်ထားတယ်။ မနက်ဖြန်ကျမှ ကျောင်းမှာ ပျော်ပျော်ပါးပါး ဆော့ကြတာပေါ့။" သင့်မိဘများ၏ ခွင့်ပြုချက်မရှိဘဲ သူငယ်ချင်းတစ်ဦးကို ဘယ်တော့မှ သင့်အိမ်သို့အလည်မခေါ်ရ။

3. သင့်ညီလေးသည် သန့်ရှင်းရေးသုံး ဆေးရည်ဘူးတစ်ဘူးကို ကိုင်ထားသည်။ ဆေးရည်တချို့ကို သူ မျိုချထားခြင်းရှိမရှိ သင်သေချာမသိပါ။ သင် ဘာလုပ်ရမလဲ။ အဆိပ်ထိန်းချုပ်ရေး ဌာနသို့ ဖုန်းခေါ်ပါ။

4. အမေ သို့မဟုတ် အဖေက ဖုန်းအနီးတွင် နံပါတ်တစ်ခုကို ရေးထားပေးသင့်သည်။ ၎င်းတို့၏ ညွှန်ကြားချက်အတိုင်း အတိအကျလိုက်နာပါ။ သင့်မိဘများကို အိမ်သို့အမြန်ပြန်လာရန် ဖုန်းခေါ်ဆိုပါ။

5. သင်သည် အိမ်ရှေ့ခြံထဲတွင် ကစားနေပြီး သူစိမ်းတစ်ယောက်က ခပ်ဖြည်းဖြည်း ကားမောင်းပြီး သင့်ကို စကားပြောရန် ကြိုးစားသည်။ သင် ဘာလုပ်ရမလဲ။ အိမ်ထဲသို့ဝင်ပြီး တံခါးကို သော့ခတ်ပါ။ ပြတင်းပေါက်များမှ ကြည့်ရှုပါ။ ကားထွက်မသွားသေးလျှင် 911 သို့ ဖုန်းခေါ်ဆိုပြီး အော်ပရေတာကို ဖြစ်ပျက်ခဲ့သမျှ အတိအကျပြောပါ။ ကား၏အရောင်နှင့် ယာဉ်မောင်း၏ ပုံပန်းသွင်ပြင်ကို မှတ်သားထားပါ။

## ကလေး၏ ဘေးကင်းလုံခြုံရေး

### အိမ်သည် ကလေးအတွက် အကာအကွယ်ပေးပြီး လုံခြုံမှုရှိသည်ဟု ခံစားရသင့်သည့် နေရာတစ်ခုဖြစ်သည်။

သို့သော် မိဘတစ်ဦးမရှိနိုင်သည့် အချိန်များတွင် ဘယ်လိုလုပ်ရမည်နည်း။ ကျောင်းချိန်နောက်ပိုင်း စျေးနှုန်းသင့်သည့် အစီအစဉ်တစ်ခု သို့မဟုတ် စျေးသက်သာသော ကလေးထိန်းတစ်ဦးကို မရရှိနိုင်လျှင် သင့်ကလေးသည် အိမ်တွင် တစ်ယောက်တည်းနေရန် မည်သည့်အချိန်တွင် အဆင်ပြေမည်နည်း။။

ကလေးတိုင်းအတွက် မှန်ကန်သောအဖြေဟူ၍ မရှိပါ။

ကလေးတစ်ဦးအတွက် ရုတ်တရက် တာဝန်ယူနိုင်ပြီး ရင့်ကျက်လာသည့် ထူးခြားသော အသက်အရွယ်ဟူ၍ မရှိပါ။


သို့သော် ပိုမိုအသိအမြင်ကြွယ်ဝသော ဆုံးဖြတ်ချက်တစ်ခု ချနိုင်ရန်အတွက် သင့်ကလေး၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် နည်းလမ်းများရှိပါသည်။



6. လိုင်စင်နံပါတ်ပြားကို မှတ်ထားရန် ကြိုးစားပါ။ သူစိမ်းတစ်ယောက်နှင့် ဘယ်တော့မှ စကားမပြောမိပါစေနှင့် (သင်ခွင့်ပြုချက်တောင်းထားပြီးဖြစ်သဖြင့်) သင့်သူငယ်ချင်းတစ်ယောက်က အလည်လာပြီး သင့်ကို "အရမ်းမိုက်သော" တစ်စုံတစ်ရာ ပြသလိုကြောင်း ပြောသည်။ "အရမ်းမိုက်သည်" ဆိုသောအရာသည် သေနတ်တစ်လက်ဖြစ်ကြောင်းကို သင်သိရသောအခါ ဘယ်လိုလုပ်မလဲ။ သင့်သူငယ်ချင်းအား သေနတ်ကို ချထားရန်ပြောပြီး အခြားအခန်းသို့ အတူတူသွားရန်ပြောပါ (အိမ်တွင်ရှိသော အခြားလူများကိုလည်း တစ်ပါတည်းခေါ်သွားပါ)။

## ကျွန်ုပ်တို့အကြောင်း နောက်ထပ်အချက်အလက်များ

*Prevent Child Abuse Indiana* သည် ကလေးသူငယ် ညှဥ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို တားဆီးရန် ရည်ရွယ်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် *Indiana* ပြည်နယ်ကို ကျွန်ုပ်တို့၏ ကလေးများအတွက် ပိုမိုလုံခြုံပြီး ကောင်းမွန်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးပေးသည်။



### အချက်အလက်နှင့် ရင်းမြစ်များ

ကြိုတင်တားဆီးရေးနှင့် မိဘအုပ်ထိန်းမှုဆိုင်ရာ နောက်ထပ် အချက်အလက်နှင့် ရင်းမြစ်များအတွက် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် 1.800.CHILDREN (1.800.244.5373) ကို ဖုန်းခေါ်ဆိုပါ

### ကလေးသူငယ် ညှဥ်းပန်းနှိပ်စက်မှုကို သတင်းပို့ရန်

ကလေးသူငယ် ညှဥ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့ရန် 1.800.800.5556 သို့ ဖုန်းခေါ်ဆိုပေးပါ

### ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်

Kids First License Plate (ကလေးသူငယ် ကျန်းမာလုံခြုံရေး ဦးစားပေး လိုင်စင်ပြား) ကို ဝယ်ယူခြင်းဖြင့် ကလေးသူငယ် ညှဥ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုတို့ကို တားဆီးရန် နိုင်ငံတစ်ဝန်း ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီပါ။ နောက်ထပ်အချက်အလက်များအတွက် သင့်ဒေသတွင်း BMV သို့မဟုတ် www.in.gov/dcs/2456.htm သို့ ဝင်ရောက်ကြည့်ရှုပါ။